ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့
ရုံးအမှတ် ( ၃၄ ) ၊နေပြည်တော်

ဖုန်း- ၀၆၇ - ၃၄၁၀၁၅၂၊ ၃၄၁၀၁၅၆၊ ဖက်(စ်) ၀၆၇- ၃၄၁၀၁၅၂ ၊ အီးမေးလ်- ins@frd.gov.mm Website: www.frd.gov.mm

အကြောင်းအရာ။ **Corporate Agent License မရရှိဘဲ အာမခံဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်နေသော Capital Assurance Partners Limited အား အရေးယူနိုင်ရေး ဒဏ်ကြေးငွေ သတ်မှတ်ပေးနိုင်ပါရန် ကိစ္စ**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ (၁၄) ကြိမ်မြောက် (ပုံမှန်) အစည်းအဝေး (၄/၂၀၁၈) ကို (၂၈-၉-၂၀၁၈) ရက်နေ့တွင် ရုံးအမှတ် (၂၆)၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အကြောင်းအရာပါ 'Corporate Agent License မရရှိဘဲ အာမခံဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်နေသော Capital Assurance Partners Limited အား အရေးယူနိုင်ရေး ဒဏ်ကြေးငွေ သတ်မှတ်ပေးနိုင်ပါရန်ကိစ္စ' ကို အဆိုပါ အစည်းအဝေးမှ အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

**အစည်းအဝေး ဆုံးဖြတ်ချက်**

- *ကုမ္ပဏီအား ဒဏ်ကြေးငွေ ပေးဆောင်ရန်အတွက် (၂၅) သိန်း ချမှတ်ပြီး အာမခံကိုယ်စားလှယ် (၂) ဦး၏ လိုင်စင်အား ယာယီ (၂) နှစ် ရပ်ဆိုင်းကြောင်း အကြောင်းကြားရန်။*

၂။ သို့ဖြစ်ပါ၍ Capital Assurance Partners Limited သည် ဒဏ်ကြေးငွေကျပ် (၂၅) သိန်းအား ပြည်ထောင်စုနယ်မြေ ၊ နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၏ **စာရင်းအမှတ် MD - 013363 သို့** ပေးသွင်းရန်နှင့် အာမခံကိုယ်စားလှယ် (၂) ဦး ဖြစ်ကြသည့် ဦးနေလင်းထွေး (IA (O) 0223) နှင့် ဒေါ်ဝေဝေလွင် (IA (O) 0224) တို့၏ အာမခံကိုယ်စားလှယ် လုပ်ကိုင်ခွင့် (၂) နှစ် ရပ်ဆိုင်းမည်ဖြစ်၍ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ထံသို့ အာမခံကိုယ်စားလှယ် မှတ်ပုံတင်ကတ်ပြား လာရောက်အပ်နှံရန် အကြောင်းကြားပါသည်။

(ဇော်နိုင်)
အတွင်းရေးမှူး

မန်နေးဂျင်းဒါရိုက်တာ
**Capital Assurance Partners Limited**

စာအမှတ်၊ FRD / IBRB ( ၁၈၇ / ၂၀၁၈)
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်

မိတ္တူကို

- ဥက္ကဋ္ဌ၊ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊
- ရုံးလက်ခံ။